ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**နေပြည်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၀ / ၂၀၁၈**

၁၃၇၉ ခုနှစ်၊တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ခန္တီးရတနာနယ်မြေဒေသအတွင်း ကျောက်မျက်ရတနာ လက်လုပ်လက်စားခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၃-က နှင့် ပုဒ်မ ၅၄ ၊ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးလုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
စည်ပင်သာယာရေးဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဇ) ခရိုင်အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး
ခန္တီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဈ) တာဝန်ခံအရာရှိ တွဲဖက်အတွင်းရေးမှူး
ကျောက်စိမ်းတူးဖော်ရေးဌာန၊စခန်းရုံး(ခန္တီး)

၂။ စစ်ကိုင်းတိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊လက်ဝယ်ထားရှိခြင်း၊ရောင်းဝယ်ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စုအစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက . သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျလုပ်ကိုင်စေရန် စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲခြင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ဖ ခွဲ(၂)၁၈/သတ္တု( ၁၆၂၁ )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ဖေဖော်ဝါရီလ ၁၃ ရက်
D:\NNA GW\State & Division Notification\Notification\Gems S 13.docx

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သတ္တုတွင်းဦးစီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
စစ်ကိုင်းတိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ဝင်အားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

ဌေးအောင်
အမြဲတမ်းအတွင်းဝန်